# တက်သစ်လူငယ်သုတေသန အစီအစဉ်

## မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေး အင်စတီကျု

မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးအင်စတီကျု (Institute for Strategy and Policy-Myanmar) သည် မြန်မာနိုင်ငံရှိ မျက်မှောက်ရေးရာများနှင့် ပတ်သက်၍ ကျောင်းသူကျောင်းသားလူငယ်များ သုတေသနပြုနိုင်ရန် ပံ့ပိုးကူညီပေးမည့် အစီအစဉ်ကို ယခုဖိတ်ခေါ်စာဖြင့် စတင်လိုက်ပါပြီ။

ISP Myanmar သည် သုတေသနဂျာနယ်တစောင်ဖြစ်သော မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးဂျာနယ် (The Myanmar Quarterly) အား မြန်မာဘာသာဖြင့် ထုတ်ဝေဖြန့်ချိလျက်ရှိပြီး မူဝါဒရေးရာနှင့် နိုင်ငံရေးကိစ္စများကို အလေးပေး ဖော်ပြနေပါသည်။ လာမည့် ၂၀၁၉ ခုနှစ်တွင် The Myanmar Quarterly ဂျာနယ်တွင် ကဏ္ဍသစ်တခု ဖွင့်လှစ်ရန် ISP Myanmar က စီစဉ်နေပါသည်။ ထိုအစီအစဉ်မှာ မြန်မာနိုင်ငံရှိ တက္ကသိုလ်များ၊ ကောလိပ်များ၊ အခြားပညာရေးနှင့်ပတ်သက်သော အင်စတီကျူးရှင်းများ၌ တက်ရောက်ပညာသင်ယူနေသည့် ကျောင်းသူကျောင်းသားများ လုပ်ဆောင်သော သုတေသနများကို ဖော်ပြပေးရန်ဖြစ်ပါသည်။

ထို့ကြောင့် ကျောင်းသူကျောင်းသားများထံမှ သုတေသနစာတမ်းခေါင်းစဉ်အတွက် အဆိုပြုချက်လျှောက်လွှာများကို ဖိတ်ခေါ်လိုပါသည်။ သုတေသနအဆိုပြုလွှာများကို ISP Myanmar မှ တာဝန်ပေးထားသော သီးခြားလွတ်လပ်သည့် စိစစ်ရေးကော်မတီက သုံးသပ်စိစစ်မည်ဖြစ်သည်။ ရွေးချယ်ရခံသော အဆိုပြုလွှာရှင်များကို သုတေသနစာတမ်းတစောင် ရေးသားပြုစုရန် ထောက်ပံ့ကြေး ချီးမြှင့်သွားပါမည်။ အဆင့်လိုက် ပြန်လည်စိစစ်သုံးသပ်မှု ပြုလုပ်ပြီးနောက် ရွေးချယ်ခံရသော စာတမ်းများကို The Myanmar Quarterly ဂျာနယ်တွင် ပုံနှိပ်ဖော်ပြပေးပါမည်။

### လိုအပ်ချက်များ

လျှောက်ထားသူများသည် မိမိတို့၏ သုတေသနအဆိုပြုလွှာ တင်သွင်းချိန်တွင် မြန်မာနိုင်ငံရှိ တက္ကသိုလ်တခုခု၌ ကျောင်းသူကျောင်းသားအဖြစ် မှတ်ပုံတင်ထားသူ ဖြစ်ရပါမည်။ ပုဂ္ဂလိက၊ သို့မဟုတ် အစိုးရပိုင် တက္ကသိုလ်၊ ကောလိပ်၊ ကျောင်းများရှိ ဒီဂရီဘွဲ့၊ သို့မဟုတ် အသိအမှတ်ပြုလွှာအပ်နှင်းသော သင်တန်းများ တက်ရောက်နေသည့် ကျောင်းသူကျောင်းသားများလည်း လျှောက်ထားနိုင်ပါသည်။ ထိုသို့ လျှောက်ထားရာတွင် ကျောင်းသူကျောင်းသားများအနေဖြင့် တဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ လျှောက်ထားနိုင်ပါသည်။ သို့ရာတွင် **နှစ်ဦးအထက် ငါးဦးအထိ စုပေါင်းပြီး အဖွဲ့ငယ်များ ဖွဲ့၍ ဆောင်ရွက်ခြင်းကို အထူးပင် ဖိတ်ခေါ် အားပေးလိုပါသည်။**

### သုတေသနဆောင်းပါးများကို စိစစ်သုံးသပ်မည့် အဓိကအချက်များမှာ

(၁) မြန်မာ့မျက်မှောက်ခေတ် လူ့အဖွဲ့အစည်းရေးရာများကို နားလည်နိုင်အောင် သုတေသနစာတမ်းဖြင့် ရေးသား အကျိုးပြုခြင်း၊

(၂) သုတေသနစာတမ်းက အထောက်အထားဖြင့်တင်ပြသော 'အဆိုအချေ'၏ စနစ်ကျန အရည်အသွေး ကောင်းမွန်ခြင်း

(၃) သုတေသနစာတမ်း ဖွဲ့စည်းတည်ဆောက်ပုံနှင့် ကျစ်လျစ်ရှင်းလင်းသည့် ရေးဟန်ကောင်းခြင်းတို့ ဖြစ်ပါသည်။

အဆိုပြုထားသည့် စာတမ်းများသည် မြန်မာ့လူ့အဖွဲ့အစည်းနှင့် သက်ဆိုင်သော အကြောင်းအရာများကို လူမှုသိပ္ပံ သုတေသနဖြင့် လေ့လာရေးသားရန် ရည်ရွယ်သောစာတမ်းများ ဖြစ်ရမည်။ ယင်းတွင် သီအိုရီသဘောတရားပိုင်းဆိုင်ရာ သို့မဟုတ် အချက်အလက်ဆိုင်ရာများနှင့် ပတ်သက် သော စာတမ်းများလည်း ပါဝင်ပါသည်။ (ဥပမာအားဖြင့်- အချက်အလက်၊ သို့မဟုတ် သီအိုရီပိုင်းစာပေများတွင် လစ်ဟာ နေချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်းမျိုး ဖြစ်သည်)

## လျှောက်ထားသူများကို အကြံပြုလိုသော သုတေသနခေါင်းစဉ်အချို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) မြန်မာ့နိုင်ငံရေးဆိုင်ရာ အကြောင်းအရာများ
(ဥပမာ- ဒီမိုကရေစီရွေးကောက်ပွဲ၊ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေး၊ ဒေသန္တရအုပ်ချုပ်ရေး စသည်ဖြင့်)

(၂) မြန်မာ့ လူမှုယဉ်ကျေးမှုဓလေ့နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအရာများ

(၃) တိုင်းရင်းသားအရေးနှင့် မြန်မာ့ငြိမ်းချမ်းရေးဆိုင်ရာ အကြောင်းအရာများ

(၄) ဆင်းရဲမွဲတေမှုနှင့် မြန်မာ့စီးပွားရေးဆိုင်ရာ အကြောင်းအရာများ

(၅) မြန်မာနိုင်ငံ၏ နိုင်ငံခြားဆက်ဆံရေးဆိုင်ရာ အကြောင်းအရာများ စသည်တို့ဖြစ်ပါသည်။

## စိစစ်သုံးသပ်သည့် လုပ်ငန်းစဉ် (Review Process)

ပညာရပ်ဆိုင်ရာဂျာနယ်များတွင် အခြားပညာရှင်များက စာတမ်းရေးသားမည့်သူ၏ သုတေသနစာတမ်းအပေါ် စိစစ်သုံးသပ်သည့် လုပ်ငန်းစဉ် (Peer Review) ရှိတတ်ပြီး၊ မြန်မာကျောင်းသူကျောင်းသားများကိုလည်း ထိုသို့ကျင့်သုံးမှုမျိုးနှင့် အကျွမ်းတဝင်ဖြစ်လာစေရန် ရည်ရွယ်ပါသည်။ ထို့ကြောင့် အဆင့်သုံးဆင့်ခွဲ၍ စိစစ်သုံးသပ်သွားမည် ဖြစ်ပါသည်။

**အဆင့် ၁ ။** ကျောင်းသူကျောင်းသားများအနေဖြင့် စာတမ်းအတွက် တမျက်နှာစာ သုတေသနခေါင်းစဉ် အဆိုပြုချက် တင်သွင်းကြရန် ဖိတ်ခေါ်လိုပြီး၊ ခေါင်းစဉ်သည် မြန်မာနိုင်ငံနှင့်ပတ်သက်မှုရှိရပါမည်။ (အသေးစိတ်ကို အောက်တွင် ကြည့်ပါ) အဆိုပြုလျှောက်လွှာများကို တက္ကသိုလ်ဆရာများ၊ အငြိမ်းစားပါမောက္ခများ၊ ပြင်ပ ပညာရှင်များဖြင့် စိစစ်နိုင်ရန် ကော်မတီတခု (Review Committee) ကို ISP Myanmar က တာဝန်ပေးအပ်မည်ဖြစ်ပါသည်။ အဆိုပြုချက်များကို စိစစ်ရာတွင်လျှောက်ထားသူ၏အမည်ကိုမကြည့်ဘဲ စိစစ်ရေးကော်မတီကဖတ်ရှု၍ ကနဦးစိစစ်သုံးသပ်ခြင်းကို လုပ်ဆောင်မည်ဖြစ်ကာ၊ သုတေသန အဆိုပြုချက်လမ်းကြောင်းအတိုင်း ရေးသားရန် ကတိပြုမည့်စာတမ်းရှင်ကို ရွေးချယ်မည် ဖြစ်ပါသည်။ ရွေးချယ်ခံရသည့် ကျောင်းသူကျောင်းသားများကို အဆိုပြုသည့်စာတမ်းတခု ရေးသားနိုင်ရန်အတွက် **အမေရိကန်ဒေါ်လာ ၂၅၀** ကို ISP Myanmar က ပံ့ပိုးပေးပါမည်။ အကြမ်းဖျဉ်းအားဖြင့် အနည်းဆုံး **စာမျက်နှာ ၁၅ မျက်နှာ** ရေးသားရမည်ဖြစ်ပြီး စာတမ်းနှင့် ပတ်သက်သော ကျမ်းကိုးရည်ညွှန်းများကိုလည်း ထည့်သွင်းဖော်ပြပေးရမည် ဖြစ်ပါသည်။ ကျမ်းကိုးရည်ညွှန်းမှုများ ဖော်ပြပေးရမည့်ပုံစံ (Citation Style) အသေးစိတ်ကို ISP Myanmar က လမ်းညွှန်

ပေးပါမည်။ ရွေးချယ်ခံရသည့် စာတမ်းရှင်များက စာတမ်း၏ပထမမူကြမ်းကို အကြောင်းကြားသည့်အချိန်မှစ၍ နှစ်လအတွင်း ISP Myanmar ထံသို့ ပြန်လည်ပို့ပေးရပါမည်။

**အဆင့် ၂ ။** စိစစ်သုံးသပ်သည့်ကော်မတီက စာတမ်းမူကြမ်းကိုသုံးသပ်၍ တုံ့ပြန်ဆွေးနွေးချက်များ၊ အကြံပြုချက်များကို စာတမ်းရေးသားသူထံသို့ ပေးပို့ပါမည်။ ယင်းအတိုင်း ပြန်လည်ရေးသားရန် လိုအပ်ပါသည်။ စာတမ်းမူကြမ်းအားအချောသတ်ရေးသားရန် နောက်ထပ် အပိုထောက်ပံ့ငွေ **အမေရိကန်ဒေါ်လာ ၂၅၀** ကို ISP Myanmar က ထပ်မံ ပေးအပ်ပါမည်။ ယခုအဆင့်တွင် ရွေးချယ်ခံရသောသူများကို ဒေတာအချက်အလက်များအား စိစစ်သုံးသပ်ခြင်းနှင့် ပညာရပ်စာတမ်း ရေးသားပုံရေးသားနည်း (Academic Writing) စသည့် သုတေသနနှင့်ဆိုင်သောပညာရပ်များ လေ့လာနိုင်ရန် ရန်ကုန်မြို့သို့ သုံးရက်တာသင်တန်း ဖိတ်ခေါ်သွားမည်ဖြစ်သည်။ ထိုသင်တန်းကာလအတွင်း ရန်ကုန်အခြေစိုက် ပညာရေးနှင့် မူဝါဒဆိုင်ရာအင်စတီကျူများ၊ အဖွဲ့အစည်းများကို လေ့လာနိုင်ရန်အပါအဝင် ယင်းတို့နှင့် ကွန်ရက် ချိတ်ဆက်ရန်လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ (အဆိုပြုလွှာအဆင့်တွင် ရွေးချယ်ခံရပြီးမှ ပထမမူကြမ်းတင်သွင်းရန် ပျက်ကွက်သည့် အဖွဲ့များကို နောက်နောင်တွင် လျှောက်လွှာတင်သွင်းခွင့်နှင့် The Myanmar Quarterly ၌ ရေးသားခွင့်များကို ပိတ်ပင်သွားမည်ဖြစ်ပါသည်)

**အဆင့် ၃ ။** စိစစ်ရေးကော်မတီနှင့် ISP Myanmar မှ နောက်ဆုံးမူကြမ်းများကို စိစစ်တည်းဖြတ်သွားမည်ဖြစ်သည်။ ISP Myanmar အဖွဲ့က ရွေးချယ်ထားသည့် စာတမ်း ငါးစောင်မှရှစ်စောင်ကို The Myanmar Quarterly ဂျာနယ်တွင် ပုံနှိပ်ဖော်ပြပေးပါမည်။ The Myanmar Quarterly ဂျာနယ်တွင် ပုံနှိပ်ဖော်ပြခံရသည့် စာတမ်းတခုအတွက် စာတမ်းရေးသားသူ(ရေးသားသည့်အဖွဲ့)အနေဖြင့် စာမူခ **အမေရိကန်ဒေါ်လာ ၁၅၀** ထပ်မံရရှိပါမည်။ The Myanmar Quarterly ဂျာနယ်တွင် ဖော်ပြရန်ရွေးချယ်မခံရသည့် သုတေသနစာတမ်းများကို အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ စာအုပ်နှင့် အွန်လိုင်းထုတ်ဝေမှုများ၌ ဖော်ပြလိုပါက ISP Myanmar ထံမှ ခွင့်ပြုချက်တောင်းခံရန် လိုအပ်ပါသည်။

## သုတေသနခေါင်းစဉ် အဆိုပြုချက်အတွက် လမ်းညွှန်ချက်များ (Research Proposal Guidelines)

မြန်မာဘာသာဖြင့် တမျက်နှာ ရေးသားပေးပို့ရမည်။ (Single Spaced စာကြောင်းခြားရန် မလိုအပ်ပါ)

**သုတေသနခေါင်းစဉ် အဆိုပြုချက် ရေးသားပေးပို့ရာ၌ အောက်ပါအချက်အလက်များ ပါဝင်ရပါမည်။**

- သုတေသနစာတမ်းအတွက် စိတ်ဝင်စားဖွယ်စေ့ဆော်မှုဖြစ်ရပါမည်။ (ဥပမာ- လူငယ် အလုပ်လက်မဲ့ပြဿနာ၊ ကျေးလက်ဒေသများတွင် အသက် ၁၀ နှစ်အောက်ကလေးများ ကျောင်းထွက်နှုန်းမြင့်မားနေမှု၊ မူးယစ်ဆေးဝါးများ အလွယ်တကူရရှိနေမှု)
- သုတေသနမေးခွန်း ရှိရပါမည်။ (ဥပမာ- မူးယစ်ဆေးဝါးဖမ်းဆီးမှုများ ပိုမိုများပြားလာသော်လည်း အဘယ်ကြောင့် သုံးစွဲမှုများ သိသိသာသာ လျော့ကျသွားခြင်း မရှိသေးသနည်း)
- သုတေသနပြုလေ့လာမည့်နည်းနာကို ဆွေးနွေးခြင်း၊ (ဥပမာ- စစ်တမ်း၊ တွေ့ဆုံမေးမြန်းခြင်း၊ ဖြစ်ရပ် ဆန်းစစ်လေ့လာခြင်း (Case Study)၊ စာပေများမှ ထုတ်နှုတ်လေ့လာခြင်း (Archival) စသည်ဖြင့်) အသုံးပြုမည့် ဒေတာ

အချက်အလက်များအတွက် ဖြစ်နိုင်သောရင်းမြစ်များကို ဖော်ထုတ်ဆွေးနွေးရပါမည်။

- အဆိုပြုသည့် စာတမ်းကြောင့် မျက်မှောက်ခေတ်ကို မည်သို့ နားလည် အထောက်အကူဖြစ်စေမည်နည်း ဟူသော ဆက်စပ်ဆီလျော်မှုများကို ဆွေးနွေးရပါမည်။

## လျှောက်လွှာအတွက် လိုအပ်ချက်များ

**အောက်ပါအချက်အလက်များကို ISP Myanmar အဖွဲ့၏ အီးမေးလ် research@ispmyanmar.com သို့ ပေးပို့ပါ။**

- သုတေသနခေါင်းစဉ် အဆိုပြုချက် (Research Proposal)
- မြန်မာနိုင်ငံရှိ တက္ကသိုလ် သို့မဟုတ် ကောလိပ်တခုခုတွင် တက်ရောက်နေကြောင်း အထောက်အထား (ဥပမာ- ကျောင်းသားမှတ်ပုံတင်၊ သို့မဟုတ် တက္ကသိုလ်၊ ကောလိပ်၊ ပုဂ္ဂလိကအင်စတီကျူမှ ထောက်ခံစာ)
- အောက်ဖော်ပြပါလျှောက်လွှာကို ဖြည့်စွက်ပြီး အဆိုပါလျှောက်လွှာတွင် ထောက်ခံမည့်သူတဦးဦး၏ ဆက်သွယ်ရန်လိပ်စာ ပါဝင်ရပါမည်။ ထောက်ခံပေးမည့်သူသည် ဆရာများ၊ သို့မဟုတ် ကျောင်းသူကျောင်းသားများနှင့် သိကျွမ်းသူတဦးဦး ဖြစ်ရမည်။ သုတေသနပြုလုပ်လိုသူ၏ ပညာရပ်ပိုင်းဆိုင်ရာ စွမ်းဆောင်နိုင်မှုနှင့် ၎င်းအပေါ် ဝေဖန်ပိုင်းဖြတ်ပေးနိုင်သူလည်း ဖြစ်ရပါမည်။

သုတေသနခေါင်းစဉ် အဆိုပြုချက် (Research Proposal) နောက်ဆုံးပေးပို့ရမည့်ရက်သည် **၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်** ဖြစ်ပါသည်။ ISP Myanmar က စိစစ်ပြီးနောက် ရွေးချယ်ခံရသူများထံသို့ **၂၀၁၉ ခုနှစ်၊ မတ် ၁၅ ရက်**တွင် အကြောင်းကြားပေးပါမည်။ အဆိုပါသုတေသနအဆိုပြုချက်အတွက် ရွေးချယ်ခံရပါက စာတမ်းအတွက် မှတ်ချက်၊ အကြံပြုချက်များကို ISP Myanmar က ပြန်လည်ပေးပို့ပါမည်။ ရွေးချယ်ခံရကြောင်း အကြောင်းကြားစာ ရရှိပြီးသည့် အချိန်မှစ၍ နှစ်လအတွင်း သုတေသနစာတမ်းပထမမူကြမ်းကို ပြီးဆုံးအောင်ရေးသားနိုင်ရပါမည်။

# တက်သစ်လူငယ်သုတေသန အစီအစဉ်

## သုတေသနစာတမ်းပြုစုလိုသူများ ဖြည့်စွက်ရမည့် လျှောက်လွှာပုံစံ

စာတမ်းရေးသားသူ(များ)၏ အမည် ..........................................................

..........................................................

မွေးသက္ကရာဇ် ..........................................................

ဖုန်းနံပါတ် ..........................................................

Email: ..........................................................

နေရပ်လိပ်စာ ..........................................................

..........................................................

အဖွဲ့အစည်း(ရှိပါက)အမည် ..........................................................

လက်ရှိပညာရေးအဆင့် ..........................................................

(ဥပမာ- B.A, M.A, Ph.D.): ..........................................................

ဘာသာရပ်နယ်ပယ် ..........................................................

တက်ရောက်နေသည့်တက္ကသိုလ်၊ ..........................................................

ကောလိပ်၊ အင်စတီကျု ..........................................................

..........................................................

စီမံကိန်း (Project)၏အမည် ..........................................................

..........................................................

ထောက်ခံချက်ပေးမည့်သူ၏ အမည် ..........................................................

ထောက်ခံချက်ပေးမည့်သူ၏ ရာထူးနှင့်ဌာန ..........................................................

..........................................................

ထောက်ခံချက်ပေးမည့်သူ၏ Email: ..........................................................

ထောက်ခံချက်ပေးမည့်သူ၏ ဖုန်းနံပါတ် ..........................................................

**မှတ်ချက် ။ ။ လျှောက်ထားသူများ၏ ကိုယ်ရေးအချက်အလက်(CV) အသေးစိတ်ကို ယခုလျှောက်လွှာနှင့်အတူ ပူးတွဲဖော်ပြပေးရပါမည်။**

## ISP-Myanmar အကြောင်း

မြန်မာ့ မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးအင်စတီကျု (ISP Myanmar) သည် လွတ်လပ်ပြီး ပါတီစွဲကင်းသည့် အစိုးရမဟုတ်သော သုတေသနအဖွဲ့ ဖြစ်ပါသည်။ ISP Myanmar၏ မျှော်မြင်ချက်မှာ မြန်မာနိုင်ငံကို ရှုန်းထကြွခိုင်မှု အားကောင်းပြီး သည်းခံစိတ်ကြီးမားသော လူ့အဖွဲ့အစည်းတရပ်အဖြစ် ပေါ်ထွန်းလာစေရေးဖြစ်သည်။ ထို့အတူ အစိုးရသည်လည်း တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့်အပြင် ပြည်သူအားလုံးပါဝင်မှုကို လမ်းဖွင့်ပေးသော အစိုးရတရပ် ဖြစ်ပေါ်ရေးကို ဦးတည်ပါသည်။

ISP Myanmar ၏ ဦးတည်ချက်မှာ ဒီမိုကရေစီကျသော ခေါင်းဆောင်မှုကို မြှင့်တင်အားပေးရန်နှင့် နိုင်ငံ့အရေးတွင် နိုင်ငံသားများ ပါဝင်ဆောင်ရွက်မှုအားကောင်းစေရန်ဖြစ်သည်။ ISP Myanmar အနေဖြင့် အစီအစဉ်သုံးရပ်ကို ဆောင်ရွက်နေပြီး ယင်းတို့မှာ -

(၁) မူဝါဒဦးတည်သည့် သုတေသနလုပ်ငန်းများ၊

(၂) သုတေသန အရည်အသွေးမြှင့်တင်ရေး သင်တန်းများနှင့် ခေါင်းဆောင်အဆင့် ဆွေးနွေးထိစပ်ခြင်း၊

(၃) မီဒီယာကြားခံပေါင်းစုံဖြင့် ဆက်ဆံဆက်သွယ်ရေးနှင့် ပြင်ပဆက်ဆံရေးလုပ်ငန်းများ ဖြစ်ကြသည်။

ISP Myanmar သည် မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးဂျာနယ် (The Myanmar Quarterly) ကိုလည်း ထုတ်ဝေနေပြီး ရေးသူဖတ်သူ ဆွေးနွေးပွဲပုံစံဖြစ်သော Myanmar Quarterly Symposium နှင့် လတ်တလော ကြုံတွေ့နေရသည့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ပြဿနာများကို ဆွေးနွေးခြင်းမဟုတ်ဘဲ ရေရှည်သဘောဆောင်သည့် အကြောင်းအရာများ၊ အလယ်အလတ် ကာလသဘောဆောင်သည့် အကြောင်းခြင်းရာများကို ဆန်းစစ်ဆွေးနွေးနေသည့် ယောမင်းကြီးဇရပ် စကားဝိုင်းဆွေးနွေးပွဲများကိုလည်း ပြုလုပ်လျက်ရှိပါသည်။

**Institute for Strategy and Policy-Myanmar**

No. B-1, Aung Chan Thar Street 1, Aung Myay Tharzi Housing Estate, Kamaryut, Yangon, Myanmar. Phone - 09 960 839 801, Email - Info@ISPMyanmar.com, www.ISPMyanmar.com